# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 20, 2020 Volume 30, Number 8


**၂၀.၄.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၈၉ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၄၁၅/- ကျပ် |
| CBM Rate | = ၁၄၂၆.၄ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၅၁.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၃.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၆.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၂၄.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၀၉.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၁.၆၉ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၆၆၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၆.၉၅ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၆.၀၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၉၃၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## မူဆယ်နယ်စပ်ကုန်သွယ်ရေးတွင် မြန်မာစိန်တစ်လုံးသရက်သီးဈေးကွက်စတင်

မူဆယ်(၁၀၅)မိုင်နယ်စပ်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်ဘက်သို့ တင်ပို့သည့် ဖရဲသခွားရာသီကုန်ဆုံးပြီး သရက်သီးရာသီရောက်ရှိလာပြီဖြစ်၍ မြန်မာစိန်တစ်လုံး သရက်သီးများကို တရုတ်ဈေးကွက်တွင် ဧပြီ ၁၉ ရက်နေ့က စတင်ဝယ်ယူနေပြီဖြစ်ကြောင်း မူဆယ်(၁၀၅)မိုင်ရှိ ခွာညိုသစ်သီးပွဲရုံမှသိရသည်။ COVID–19 ဂယက်ကြောင့် သရက်ဈေးကွက်သည် စိန်ခေါ်မှုများနှင့် ထိုးဖောက်ရမည်ဖြစ်၍ ပုံမှန်အရည်အသွေးထက် သာလွန်ရန်လိုအပ်ပြီး လက်ရှိတွင် ဖရဲသခွားကုန်တင်ယာဉ်အစီးရေ ၁၀၀၀ ကျော်မှာ ဈေးကွက်မရောက်သေးဘဲ လမ်းများပေါ်တွင် ရပ်တန့်စောင့်ဆိုင်းနေရသည်ဟုဆိုသည်။ “အရင်ကကိုယ့်ဘက်မှာရောင်းတော့ ကိုယ့်ဈေးကွက်ပါ။ခုချိန်မှာ ကပ်ရောဂါကြောင့် သူတို့ဘက်(ဝယ်သူဘက်)ပြောင်းရွှေ့ရလို့ ဈေးကွက်တည်ရာကသူတို့ဘက်ရှိနေတာကလည်း အကြီးဆုံးစိန်ခေါ်မှုဖြစ်သလို စုပြုံပြီးတင်လာရင်တော့ ဈေးကောင်းရမှာ မဟုတ်ဘူး။တရုတ်ဘက် ကျန်းမာရေးအခြေအနေကလည်းအရေးကြီးတယ်”ဟုရင်းပွဲရုံမှ ဦးစိုင်းခင်မောင်ကပြောသည်။ မြန်မာ့မျိုးရင်းစိန်တစ်လုံးသရက်သီးအရသာကို တရုတ်တို့နှစ်သက်ကြပြီး ယူနန်ပြည်နယ်နှင့် အနီးတစ်ဝိုက်မှ စားသုံးမှုများပြားကာ ရွှေဟင်္သာနှင့်သရက်သီးအကြမ်းများကို တရုတ်ပြည်တွင်းအခြားဒေသများသို့ပို့ဆောင်ကြောင်း၊ သရက်ဈေးကွက်တွင် ရောင်းလိုအားနှင့် ဝယ်လိုအားမျှတစွာတင်ပို့ခြင်း၊ အရည်အသွေးကောင်းထိန်းသိမ်းနိုင်ခြင်းဖြင့် သရက်ဈေးကွက် လားရာကောင်းမွန်မည်ဖြစ်ကြောင်းသိရသည်။ “တရုတ်က Green Channel နဲ့ သရက်သီးဝင်ခွင့်ပြုလိုက်လို့ သရက်ရာသီပြီးတဲ့အထိ အဆင်ပြေမှာပါ။ ရာသီကုန် လက်ကျန်ဖရဲသခွားကားတွေ အဝင်များလွန်းတော့ဈေးကျပြီး စိန်တစ်လုံးသရက်က ဈေးကောင်းတယ်။ သစ်သီးကုန်စည်ဒိုင်၊ ကုန်သွယ်ဦးစီး၊ ထွေ/အုပ်နဲ့ ကုန်သည်အသင်းတွေက လမ်းပေါ်ကကုန်ကားတွေရှင်းနေရလို့ နောက်ရက်မှာ အတော်လျော့သွားမယ်”ဟုဆက်လက်ပြောကြားသည်။

စိန်တစ်လုံးသရက်သီးပေါက်ဈေးမှာ ၁၆ ကီလိုဂရမ်လျှင် အိတ်စွပ်သရက်ဖြစ်ပါက ယွမ် ၁၂၀–၁၅၀ နှင့် အိတ်လွတ် သရက်ယွမ် ၇၀–၉၀ ဖြစ်ပြီး ဖရဲသီးဈေးကွက်တွင် ကားစီးပြတ်ပေါက်ဈေးများအရ 855 ဖရဲမှာ ယွမ် ၁၅၀၀၀–၂၃၀၀၀ ၊ ထိုင်ဝမ်ဖရဲမှာ ယွမ် ၁၅၀၀၀–၃၂၀၀၀၊အဖြူသီးမှာ ယွမ် ၁၅၀၀၀–၂၃၀၀၀ နှင့်အပုပ်အနာများမှာ ကားခပင်မရကြောင်းသိရသည်။ သစ်သီးပွဲရုံတစ်ခုမှပြောကြားရာတွင်“ခုဖြစ်နေတာက ၁၀၅ မိုင်မှာ ဖရဲသခွားကားအစီးရေ ၁၀၀၀ ကျော်သောင်တင်နေတယ်။ COVID ကာလစစ်ဆေးမှုတွေကြောင့်ဝမ်တိန်ကို တစ်ရက် အစီးရေ ၂၅၀ ဝန်းကျင်ပဲဝင်လို့ရပြီး ၃ ရက်လောက်မှ ပြန်ထွက်လာနိုင်တယ်။ အသီးတွေပုပ်သိုးပျက်စီးပြီး ကားခတောင်မရကြတော့ဘူး”ဟုဆိုသည်။

**Source:** https://myanmar.mmtimes.com/news/138401.html


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## နိုင်ငံခြားဘဏ် ၇ ဘဏ်ကို ဖွင့်လှစ်ခွင့်ပြု

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ကိုရီးယား၊ ထိုင်ဝမ်၊ ထိုင်းနှင့်ဟောင်ကောင်အခြေစိုက် ဘဏ် ၇ ခုကို ပြည်တွင်း၌ ဘဏ်ခွဲဖွင့်လှစ်ခွင့်လိုင်စင်ထုတ်ပေးလိုက်ကြောင်း ဧပြီလ ၉ ရက်နေ့တွင်ထုတ်ပြန်လိုက်သည်။ ထိုနိုင်ငံခြားဘဏ် ၇ ခုမှာ ဟောင်ကောင်အခြေစိုက် Bank of China Hong Kong၊ ကိုရီးယားဘဏ်များ ဖြစ်သော Industrial bank of Korea (IBK) ၊ KB Koomin Bank၊ Korea Development bank၊ ထိုင်ဝမ်အခြေစိုက် Cathay United Bank၊ Mega International Commercial Bank နှင့် ထိုင်းဘဏ် Siam Commercial Bank (SCB) တို့ ဖြစ်ကြောင်းသိရသည်။ အဆိုပါ နိုင်ငံခြားဘဏ် ၇ ခုထဲမှာ ကိုရီးယားဘဏ် ၂ ခု နှင့် ထိုင်းဘဏ်တို့သည် ပြည်တွင်း၌ မြန်မာနိုင်ငံ၏ဥပဒေအရ ဖွဲ့စည်းတည်ထောင်ရမည့် လက်အောက်ခံဘဏ်ခွဲ (Subsidiary) ဖွင့်လှစ်ခြင်း၊ ATM ဝန်ဆောင်မှု အပါအဝင် လက်လီ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ လုပ်ကိုင်ခွင့်ရရှိမည့် ဘဏ်လုပ်ငန်းလိုင်စင်(Subsidiary License) ကို ခွင့်ပြုလိုက်ခြင်းဖြစ်ပြီး ကျန် နိုင်ငံခြားဘဏ် ၄ ခုမှာ ဘဏ်ခွဲလိုင်စင် (Branch License) ဖြစ်ကြောင်း ဗဟိုဘဏ်ထံမှသိရသည်။

ဘဏ်ခွဲလိုင်စင် (Branch License) ရရှိသည့် နိုင်ငံခြားဘဏ်များသည် စီးပွားရေး အဖွဲ့အစည်းများ (Foreign Corporate) ၊ နိုင်ငံခြားတွင်ဖွဲ့စည်းပြီး မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်သည့် နိုင်ငံခြားစီးပွားရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများပါ ချေးငွေထုတ်ချေးခွင့်ကို ဗဟိုဘဏ်ကခွင့်ပြုထားသည်။ နေပြည်တော် စည်ပင်ဘဏ်ဥက္ကဋ္ဌ ဦးရဲမင်းဦးက “ ဒီဘဏ်တွေကို ရွေးချယ်မှုကတော့ သီခြားအဖွဲ့အစည်းကို ငှားပြီးတော့ကို အသေအချာကိုရွေးချယ်ခဲ့တာ။ အဲဒီတော့ ရွေးချယ်မှုက မှားစရာအကြောင်းမရှိဘူး။ မြန်မာနိုင်ငံနဲ့ သင့်တော်တဲ့ ဘဏ်တွေပဲဖြစ်မှာပါ။ ဒီဘဏ်တွေ ဝင်လာမယ်ဆိုရင် မြန်မာ့စီးပွားရေးကို အထိုက်အလျောက် အထောက်အကူပြုမယ်ဆိုတာလည်း သေချာတယ်” ဟု ရောဝတီသို့ပြောသည်။ သို့သော်လည်း ယခုလို တကမ္ဘာလုံးက ကပ်ရောဂါ COVID-19 ကိုရင်ဆိုင်နေရသော ယခုလိုအချိန်ကာလတွင် ခွင့်ပြုလိုက်ခြင်းကြောင့် ချက်ချင်းလုပ်ငန်းများ လာရောက်ဆောင်ရွက်ရန် လွယ်ကူမည်မဟုတ်ကြောင်း ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်ကိုလုပ်ဆောင်ခဲ့သော်လည်း အချိန်အနည်းငယ် ောက်ကျသည်ဟု ၎င်းက ပြောဆိုသည်။ ဘဏ်လုပ်ငန်း ကျွမ်းကျင်သူလည်းဖြစ်သည့် ဦးရဲမင်းဦးက ဆက်၍ “IBK က ကိုရီးယား အစိုးရပိုင်တဲ့ ဘဏ်ဖြစ်တယ် ကိုရီးယားနိုင်ငံမှာရှိတဲ့ SME လုပ်ငန်း အားလုံးလိုလိုကို သူချေးငွေပေးထားတာ။ SME တွေကို Develop လုပ်ပေးခဲ့တဲ့ ဘဏ်ပေါ့။ သူ့လိုဘဏ်မျိုးကတော့ ကျနော်တို့ မြန်မာနိုင်ငံအတွက် တကယ်ကို လိုအပ်တဲ့ဘဏ်” ဟု ပြောသည်။

ဗဟိုဘဏ်က ယခုအကြိမ် နိုင်ငံခြားဘဏ်များ ထပ်မံခွင့်ပြုမှုတွင် ဒုတိယအဆင့်ဖြစ်သည့် လက်လီဘဏ်လုပ်ငန်းဝန်ဆောင်မှုများ လုပ်ကိုင်ခွင့်ရရှိမည့် ဘဏ်လုပ်ငန်းလိုင်စင် (Subsidiary License) ပါလာခြင်းသည် ဘဏ်လုပ်ငန်း ကဏ္ဍအတွက် ကောင်းမွန်သည့် လက္ခဏာ ၁ ခုဖြစ်ကြောင်း ဘဏ်လုပ်ငန်းပညာရှင် ဦးသန်းလွင်ကလည်း ရောဝတီသို့ ပြော သည်။ ဦးသန်းလွင်က “Subsidiary License ပေးလိုက်လည်း သူတို့ဘာသာ ဘဏ်ခွဲ (Branch) ဖွင့်ပြီး လုပ်မှာထက် ပြည်တွင်းဘဏ်တွေနဲ့ပဲ ပူးပေါင်းလုပ်ဖို့များတယ်။ သူ Branch တွေ သီးခြားဖွင့်မယ်ဆိုရင် အဆောက်အဦတွေ ဝယ်ရမယ်၊ ဝန်ထမ်းတွေ အများကြီး ခန့်ရမှာလေ” ဟုဆိုသည်။ ၎င်းက ဆက်၍ “ ကိုဗစ်နောက်ပိုင်းမှာ အခြေအနေက ဘာရှိလည်းဆိုရင် တရုတ်မှာရှိတဲ့ ကိုရီးယား ရင်းနှီးမြှုပ်နှံတွေ ဘာတွေက သူတို့ ဆက်ထားဖို့ဆိုတာ နည်းနည်း စဉ်းစားနေပြီလေ။ အဲဒီတော့ ကိုရီးယား ဘဏ်တွေကလည်း ဒီမှာ ရှိလာတော့မယ်ဆိုတော့ မြန်မာပြည်ကို ပြောင်းကောင်း ပြောင်းလာနိုင်တာပေါ့” ဟု ပြောသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် လက်လီဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ပါ ခွင့်ပြုပေးခဲ့သော ဘဏ်များထဲမှ ကိုရီးယား IBK နှင့် ထိုင်း SCB ဘဏ်တို့သည် မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်ရုံးခွဲ ဖွင့်လှစ်ထားသည်မှာ ၈ နှစ်ဝန်းကျင် အထိရှိပြီး ကိုရီးယား KB Koomin Bank သည် ၂၀၁၆ ခုနှစ်တွင် ရုံးခွဲဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၉ စက်တင်ဘာလအတွင်းက တောင်ကိုရီးယားသမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်အတွင်းတွင် အထက်ပါ ကိုရီးယားဘဏ် ၂ ခုမှ အမှုဆောင်အရာရှိချုပ် အပါအဝင် အကြီးတန်းအရာရှိများပါ လိုက်ခဲ့ပြီး အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိကချေးငွေပံ့ပိုးသော KB ဘဏ်သည် ဝင်ငွေ နည်းပါးသူများအတွက် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းထောက်ပံ့ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ ထိုသမ္မတခရီးစဉ်အတွင်း၌ Korea-Myanmar Industrial Complex (KMIC) စီမံကိန်းအပါအဝင် ကိုရီးယား-မြန်မာကုန်သွယ်ရေးနှင့်စက်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ စမတ်စီးတီးစီမံကိန်းတခု

ကို အကြိုလေ့လာဆန်းစစ်မည့် သဘောတူလက်မှတ်ရေးထိုးခြင်းများအပြင် စီးပွားရေးဆိုင်ရာပူးပေါင်းရေးကိစ္စများကိုလည်း နှစ်နိုင်ငံကြားသဘောတူညီမှုများလုပ်ဆောင်ကြသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်မှ စတင်ကာ နိုင်ငံခြားဘဏ် ၁၃ ခုကို နှစ်သုတ်ခွဲကာ ပြည်တွင်း၌ Branch လုပ်ကိုင်ခွင့် ခွင့်ပြုပေးခဲ့ပြီး ယခု ထပ်မံခွင့်ပြုခြင်းသည် တတိယအကြိမ်ဖြစ်ပြီး စုစုပေါင်း နိုင်ငံခြားဘဏ်ပေါင်း ၂၀ ခုအထိ ခွင့်ပြုပေးထားပြီဖြစ်သည်။ ယခင်က ခွင့်ပြုပေးထားသော နိုင်ငံခြားဘဏ် ၁၃ ခုမှာ MUFG Bank၊ Oversea-Chinese Banking Corporation၊ Sumitomo Mitsui Banking Corportation၊ United Overseas Bank ၊ Bangkok Bank၊ Industrial and Commercial Bank of China၊ May Bank၊ Mizuho Bank၊ Australia and New Zealand Banking for Inverstment၊ BIDV Bank၊ Shinhan Bank၊ E.Sun Commercial Bank၊ State Bank of India တို့ ဖြစ်သည်။

**Source:** https://www.kumudranews.com/news-37748

## မြဝတီမှာ ပြောင်းကုန်စည်ဒိုင်ဖွင့်မည်

မြဝတီမှာ မြန်မာကုန်သည်တွေနဲ့ထိုင်းကကုန်သည်တွေပြောင်းဆန်ရောင်းဝယ်ရေးလုပ်နိုင်ဖို့ ပြောင်းကုန်စည်ဒိုင်တစ်ခု ဖွင့်မယ်လို့ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းက သိရပါတယ်။ ပြီးခဲ့တဲ့လ၂၄ရက်နေ့က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးနဲ့ တွေ့ဆုံခဲ့တဲ့အပြင် မတ်လ လဆန်းပိုင်းရက်မှာပဲ မြဝတီမှာ ဒေ သအသီးသီးက ပြောင်းကုန်သည်တွေ၊ စီးပွားကူးသန်းက တာဝန်ရှိ သူတွေနဲ့ မြဝတီမှာရှိတဲ့ ဌာနဆိုင်ရာတွေ တွေ့ဆုံဆွေးနွေးပွဲတစ်ခုလုပ်ခဲ့ပြီး ပြောင်းကုန်စည်ဒိုင်ဖွင့်ဖို့ အားလုံးက သဘောတူခဲ့တယ်လို့ အသင်းအတွင်းရေးမှူးဦးသန့်ဇင်ထွန်းကဆိုတယ်။ သူက “ စီးပွားကူးသန်းဝန်ကြီးကလဲ ဖွင့်ဖို့ သဘောတူထားတယ်၊ ဆွေးနွေးပွဲမှာလဲ အကုန်လုံးက ပြောင်းဆန်ကို တစ်နေရာတည်းမှာ စုစုစည်းစည်း လုပ်နိုင်မယ့်နေရာလေးတစ်ခုလုပ်ဖို့ သဘောတူခဲ့ပါတယ်၊အဲဒါကြောင့်ကျွန်တော်တို့ အမြန်ဆုံးဖွင့်နိုင်ဖို့ လုပ်ဆောင်သွားမှာပါ” လို့ ပြောပါတယ်။

ပြောင်းကုန်စည်ဒိုင် ဖွင့်လှစ်နိုင်ဖို့အတွက် ဒေသခံတွေထဲ ဦးဆောင်သူ ၁၅ ဦးနဲ့ ကူညီလုပ် ဆောင်ပေးရန် ခြောက်ဦးတို့ကိုရွေးချယ်ထားပြီးဖြစ်တယ်လို့ သိရပါတယ်။ မြဝတီပြောင်းကုန်စည်ဒိုင်ဖွင့်နိုင်မယ်ဆိုရင် ဈေးနှုန်းတိကျမှုရှိစေမယ့်အပြင် အရောင်းအဝယ် ပိုမြန်ဆန်လာနိုင်မယ်လို့ဆိုပါတယ်။ ဦးသန့်ဇင်ထွန်းက “ အရင်က ရောင်းမယ်ဆိုရင် ကိုယ့်ပွဲရုံကို ရောင်းတာဖြစ်တဲ့အတွက် ဈေးက အရင်ရက်တွေက ပေါက်တဲ့ဈေးတွေလောက်နဲ့ပဲ ခန့်မှန်းရောင်းရ တယ်ပေါ့ဗျာ၊ ပြီးမှ ကုန်သည်အချင်းချင်း စကားပြောဖြစ်ရင် ဈေးကကွာနေတာသိမှ ပြန်တိုးပြန် လျှော့လုပ်ရတာ၊ တစ်နေရာတည်းမှာဆိုရင်ဘယ်ဈေးပေါက်တယ်ဆိုတာတစ်နေ့တည်းနဲ့ ဒီကုန်စည်ဒိုင်မှာ အကုန်တစ်ပြေးညီသိရတယ်၊ ရောင်းဖို့က မြန်မာဘက်က ရှိမယ်၊ ဝယ်ဖို့ကထိုင်းက  ကုန်သည်ရော၊ ထိုင်းသူဌေးက ကိုယ်စားလှယ်လွှဲထားတဲ့ မြန်မာကုန်သည်တွေရော ဒီနေရာမှာ အရောင်းအဝယ်လုပ်မှာပါ”လို့ပြောတယ်။ ပြောင်းကုန်စည်ဒိုင်ကို ၄၅ ရက်အတွင်းဖွင့်နိုင်ဖို့ ရည်ရွယ်ထားပြီး ထိုင်းကုန်သည်တွေနဲ့ မြန်မာဘက်က ကုန်သည်တွေ ကားအဝင်အထွက်လုပ်လို့ အဆင်ပြေမယ့်နေရာကို ရွေး ချယ်သွားမယ်လို့ သိရပါတယ်။

**Source:** https://www.kumudranews.com/news-37498

## ကိုဗစ်-၁၉ ရဲ့ သက်ရောက်မှုဒဏ်ခံရတဲ့ မြန်မာ အထည်ချုပ်လုပ်သားများအတွက် ဥရောပသမဂ္ဂ (အီးယူ)က ယူရို ၅ သန်းထောက်ပံ့မယ်

ကမ္ဘာ့ကူးစက်ကပ်ရောဂါ ကိုဗစ်-၁၉ ၏ ရိုက်ခတ်မှုဒဏ်ခံရသည့် မြန်မာနိုင်ငံမှ အထည်ချုပ်လုပ်သားများအတွက် ဥရောပသမဂ္ဂ (အီးယူ) က ကိုဗစ်-၁၉ ရဲ့ သက်ရောက်မှုဒဏ်ခံရတဲ့ မြန်မာ အထည်ချုပ်လုပ်သားများအတွက် ယူရို ၅ သန်း ထောက်ပံ့မယ်လို့သိရပါတယ်။ ကိုဗစ် ၁၉ ကြောင့် အထည်ချုပ်အလုပ်သမား ၂၅,၀၀၀ ရဲ့ အလုပ်အကိုင်များကို ဆုံးရှုံးခဲ့ရသည့်အတွက် အခက်အခဲကာလအတွင်း ကြုံတွေ့ခံစားခဲ့ရတဲ့ အလုပ်အကိုင်ဆုံးရှုံးခဲ့သည့် အထည်ချုပ်လုပ်သားများကို ငွေသားဖြင့် တိုက်ရိုက်ကူညီပံ့ပိုးပေးနိုင်ရန် ရည်ရွယ်တဲ့ မြန်ကူ (Myan Ku) အမည်ရှိ အရေးပေါ်ငွေသားရန်ပုံငွေကို အကောင်အထည်ဖော်ဆောင်ရခြင်းဖြစ်ကြောင်း ဥရောပသမဂ္ဂရဲ့ သတင်းထုတ်ပြန်ချက်တွင်ဖော်ပြထားပါတယ်။

“မြန်မာနိုင်ငံတစ်ဝှမ်းမှာ အထည်ချုပ်စက်ရုံပေါင်း (၆၀၀) နီးပါး ရှိပါတယ်။ ပြီးခဲ့တဲ့ မတ်လကတည်းက စက်ရုံပိတ်မှု တွေနဲ့

ထောင်၊ သောင်းပေါင်းများစွာသော လုပ်သားများ အလုပ်လက်မဲ့ဖြစ်မှုတွေကို အများအပြား တွေ့နေရပါတယ်။ ဒီလို အခြေအနေမျိုးကို ပြေလည်မှာပါ ဆက်မြင်ရနိုင်တယ်လို့ ကျွန်မတို့ ယူဆရပါတယ်။ အခုလို အခက်အခဲ၊ စိန်ခေါ်မှု တွေကို ရင်ဆိုင်နေရတဲ့အချိန်မှာ မြန်ကူ (Myan Ku) အရေးပေါ် ငွေသားရန်ပုံငွေက ထိခိုက်နစ်နာခဲ့ရတဲ့ အလုပ်လက်မဲ့ ထောင်၊ သောင်းပေါင်း များစွာသော လုပ်သားတွေနဲ့ သူတို့မိသားစုတွေကို အဓိက ပံ့ပိုးကယ်တင်ပေးနိုင်မယ့် အထောက်အပံ့ကောင်း နည်းလမ်းတစ်ခုဖြစ်လာပါတယ်”လို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်မှ ပြောပါတယ်။

မြန်မာ့အထည်ချုပ်လုပ်ငန်းဟာ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးအပေါ် ပြင်းထန်စွာသက်ရောက်မှုရှိခဲ့ပြီး မတ်လနှောင်းပိုင်းတွင် စက်ရုံပေါင်း (၄၀) ကျော်မှ လုပ်သားပေါင်း (၂၅,၀၀၀) ကျော်တို့သည် အလုပ်လက်မဲ့ဖြစ်ခဲ့ကြရတယ်လို့ ဆိုပါတယ်။ ခန့်မှန်းခြေ အမျိုးသမီး လုပ်သားပေါင်း (၇) သိန်း (၇၀၀,၀၀၀) နဲ့ လည်ပတ်လုပ်ကိုင်နေတဲ့ မြန်မာ့အထည်ချုပ် လုပ်ငန်းတွင် လုပ်သားပေါင်း (၃) သိန်းခွဲ (၃၅၀,၀၀၀) ဟာလက်ရှိ မှာ လစာမဲ့ဆိုင်းငံ့ခံရခြင်း သို့မဟုတ် အလုပ်အကိုင်များကို ရပ်စဲခံရခြင်း စသည့် ထိခိုက်နစ်နာမှုများကို ရင်ဆိုင်ကြုံ တွေ့နေရတယ်လို့ ထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ (အီးယူ) သံအမတ်ကြီး H.E မစ္စတာ Kristian Schmidt က “ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရဲ့ ၇၀ ရာခိုင်နှုန်းက ဥရောပဒေသကို တင်ပို့နေတဲ့အပြင် နိုင်ငံတဝှမ်းက အမျိုးသမီးတွေ အတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄ သိန်းခွဲ (၄၅၀,၀၀၀) ကို ဖန်တီးပေးနေတာပါ။ ဒါဟာ ဥရောပသမဂ္ဂနိုင်ငံတွေဆီ ချုပ်လုပ်တင်ပို့နေတဲ့ ပို့ကုန်အထည်တွေက တကယ့်ကို နက်ရှိုင်းကျယ်ပြန့်တဲ့ အောင်မြင်မှုရဲ့ ပြယုဂ်တစ်ခုပါပဲ။ ဥရောပဈေး ကွက်ကို ၂၀၁၁ ခုနှစ်မှာ ပြန်ဖွင့်ပေးခဲ့တဲ့အတွက် အထည်ချုပ်လုပ်ငန်းက မြန်မာနိုင်ငံတဝှမ်းက သန်းပေါင်းများစွာသော ပြည်သူတွေရဲ့ ဘဝတွေ တိုးတက်လာအောင်လည်း တဖက်တလမ်းက ကူညီခဲ့သလို အလုပ်သမားဆိုင်ရာ အခွင့်အရေး တွေ ကျယ်ပြန့်လာအောင်၊ သဘာဝပတ်ဝန်းကျင်နဲ့အညီ စံချိန်စံညွှန်းတွေကို ပိုမိုမြှင့်တင်နိုင်အောင်၊ ဒါ့အပြင် မြန်မာနိုင် ငံတွင်း အခြေခံအုတ်မြစ်ခိုင်မာတဲ့ ထုတ်လုပ်မှုပိုင်းဆိုင်ရာ ဝန်းကျင်တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်တာ စတဲ့ အခန်းကဏ္ဍတွေမှာ သိသာထင်ရှားတဲ့ တွန်းအားတစ်ခုကို ဖန်တီးပေးခဲ့ပါတယ်” လို့ပြောပါတယ်။

မြန်ကူ (Myan Ku) ရန်ပုံငွေ ငွေသားအကူအညီများကို နိုင်ငံသားပိုင်၊ အကျိုးတူပိုင် သို့မဟုတ် နိုင်ငံခြားသားပိုင် အထည်ချုပ်စက်ရုံများတွင် အလုပ်လုပ်ရင်း အလုပ်လက်မဲ့ကြုံခဲ့ရတဲ့ လုပ်သားများထံ တိုက်ရိုက်လွှဲပြောင်း ထောက်ပံ့ပေးသွားမယ်လို့ဆိုပါတယ်။ မြန်ကူ (Myan Ku) သည် မြန်မာဘာသာစကားအရ မြန်ဆန်စွာ အကူအညီ အထောက်အပံ့ပေးခြင်းလို့ဆိုပြီး၊အဆိုပါ ငွေသားအထောက်အပံ့ကို (၁) လက်ရှိအခြေအနေကြောင့် အလုပ်လက်မဲ့ ဖြစ်ခဲ့ရတာ (သို့မဟုတ်) နေထိုင်ရာနေရာများက နှင်ထုတ်ခံခဲ့ရတဲ့ လုပ်သားများ၊ (၂) လုပ်ငန်းရှင်နှင့် လုပ်သားများအကြား ချုပ်ဆိုထားတဲ့ စာချုပ်များ တရားမဝင် ရပ်စဲရုပ်သိမ်းခံရခြင်းအပြင် အကျိုးအကြောင်းဆီလျော်မှုမရှိတဲ့ညွှန်ကြားချက်များကို ကြုံတွေ့ခံစားခဲ့ရတဲ့ လုပ်သားများနှင့် (၃) လုပ်သားများကို ဆက်လက်လုပ်ကိုင်ခွင့်ပေးရန်နဲ့ အနည်းဆုံးသင့်တော်တဲ့အထောက်အပံ့များ ပံ့ပိုး ပေးရန် သဘောတူညီထားတဲ့ အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) များက လုပ်သားများထံကို ဝေ့မန်းနီး (Wave Money) ဝန်ဆောင်မှုမှတဆင့် လွှဲပြောင်းပံ့ပိုးပေးသွားမယ်လို့ဆိုပါတယ်။ ပံ့ပိုးကူညီမှုရရှိတဲ့သူများကို အလုပ်သမားသမဂ္ဂများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနဲ့ တိုင်ပင်ဆွေးနွေးမှုများမှတဆင့် စိစစ်ရွေးချယ်သွားမယ်လို့ဆိုပါ တယ်။ “မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) နဲ့ မြန်မာနိုင်ငံက လုပ်သားအင်အားတွေက ဒီလိုမြန်ဆန်တဲ့ နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်နဲ့အတူ ဥရောပသမဂ္ဂ (အီးယူ)ရဲ့ ဒီမြန်ကူ (Myan Ku) လုပ်ဆောင်ချက်ကနေ ခိုင်မာထိရောက်တဲ့ ပံ့ပိုးမှုတွေအပေါ် အများကြီးအားရကျေနပ်မိပါတယ်လို့ဆိုပါတယ်။

**Source:** https://www.kumudranews.com/news-37748

## ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ လိုင်စင်ကြေးများတစ်နှစ် ကင်းလွတ်ခွင့်ပြု

COVID-19 ရိုက်ခတ်မှုကြောင့် မြန်မာ့ခရီးသွားလုပ်ငန်းထိခိုက်မှုများရှိသည့်အတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင်ပေးဆောင်ရသည့် လုပ်ငန်းလိုင်စင်ကြေးများကို တစ်နှစ်ကင်းလွတ်ခွင့်ပြုကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး

ဝန်ကြီးဌာနက ထုတ်ပြန်သည်။ ခရီးသွားကဏ္ဍအတွင်းရှိ ကောက်ခံလျက်ရှိသော ဟိုတယ်လုပ်ငန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ တည်းခိုရိပ်သာ လုပ်ငန်းများအတွက် လိုင်စင်ကြေး၊ လိုင်စင် အသစ်လဲလှယ်ကြေးများကို ၂၀၂၀ခုနှစ် ဧပြီ ၁ရက်မှ ၂၀၂၁ ခုနှစ် မတ် ၃၁ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုလိုက်ခြင်းလည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ အသေးစားနှင့်အလတ်စား (SME)လုပ်ငန်း ကဏ္ဍ၊ အခစား(CMP)လုပ်ငန်းများအား COVID-19 ရိုက်ခတ်မှုကြောင့် ထိခိုက်နစ်နာမှုအများဆုံးကဏ္ဍများအဖြစ် သတ်မှတ်ထားသည်။ ယင်း၏လုပ်ငန်းများကို ကုစားရန် နိုင်ငံတော်၏ ကနဦးရန်ပုံငွေအဖြစ် ကျပ်ဘီလီယံ ၁၀၀ ကို အတိုးနှုန်း ၁ရာခိုင်နှုန်းဖြင့် အဆိုပါကဏ္ဍမှ လုပ်ငန်းရှင်များအား ထုတ်ချေးမည်ဖြစ်ကြောင်းထုတ်ပြန်ထားသည်။

**Source:** https://myanmar.mmtimes.com/news/138338.html

## ဆေးဝါးများနှင့်ဆေးဝါးကုန်ကြမ်းများအပေါ် သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြု

ကမ္ဘာတစ်ဝှမ်းဖြစ်ပေါ်နေသော Coronavirus Disease 2019 ကြောင့် ဆေးဝါးများနှင့် ဆေးဝါးကုန်ကြမ်းများအပေါ် သွင်းကုန်လိုင်စင်ကြေးကင်းလွတ်ခွင့်ပြုကြောင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြေညာသည်။ Covid-19 ကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုလျော့နည်းသက်သာစေရေးအတွက် ဆေးဝါးနှင့် ဆေးဝါးပစ္စည်းများထုတ်လုပ်ရာတွင် အသုံးပြုသည့်ဆေးဝါးကုန်ကြမ်းများ အားလုံးအပေါ် သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။ ၁၉၉၃ ခုနှစ်ကလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြည်သူ့ကျန်းမာရေးတိုးတက်မြင့်မားမှုကို အထောက်အကူပြုရေး၊ ပြည်တွင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရေးအတွက်ဆေးဝါးပစ္စည်း ၃၆ မျိုးနှင့် ယင်းဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆေးဝါးကုန်ကြမ်းများ တင်သွင်းမှုအပေါ် သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြုခဲ့ဖူးသည်။

အလားတူ ၁၉၉၈ ခုနှစ်ကလည်း ဆေးဝါးပစ္စည်း ၃၁ မျိုးနှင့် ယင်းဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆေးဝါးကုန်ကြမ်းများတင်သွင်းမှုအပေါ် သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြုကြောင်း အမိန့်ကြေညာချက်များ ထုတ်ပြန်လုပ်ဆောင်ခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ် ၊ဧပြီလတွင် ထုတ်ပြန်သော အမိန့်ကြေညာချက် သည် ၂၂ နှစ် ကြာပြီးနောက် ဆေးဝါးများနှင့် ဆေးဝါးကုန်ကြမ်းများအပေါ် သွင်းကုန်လိုင်စင်ကြေးကင်းလွတ်ခွင့်ကို ပြန်လည် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ယခုကြေညာချက်သည် ၁၉၉၃ ခုနှစ်နှင့် ၁၉၉၈ ခုနှစ်ကထုတ်ပြန်သော အမိန့်ကြေညာချက်များကို လွှမ်းမိုးပယ်ဖျက်သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဆိုသည်။

**Source:** https://myanmar.mmtimes.com/news/138253.html

## ရေသန့်စက်ရုံလုပ်ငန်းများ ပိတ်မည်မဟုတ်၊ ဆက်လက် ထုတ်လုပ်ဖြန့်ချိရောင်းချပေးမည်

မြန်မာနိုင်ငံရေသန့်လုပ်ငန်းရှင်များအသင်းဝင် ရေသန့်စက်ရုံလုပ်ငန်းများ သင်္ကြန်ကာလအတွင်း ပိတ်သိမ်းခြင်းမရှိဘဲ ထုတ်လုပ်ဖြန့်ချိရောင်းချပေးသွားမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဦးရဲထွဋ်က မြန်မာတိုင်းမ်သို့ ဧပြီ ၉ ရက်တွင်ပြောသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် COVID-19 ပျံ့နှံ့မှုကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ဧပြီလ ၁၀ရက်နေ့မှ ၁၉ ရက်နေ့အထိ အကြောင်းအကိစ္စမရှိဘဲ အပြင်မထွက်ရန်ညွှန်ကြားထားရာ၊ အများပြည်သူများ အိမ်တွင်နေနိုင်ရန်အတွက် အစားအသောက်ကုန်ထုတ်သောလုပ်ငန်းများ၊ စက်ရုံများကို ပိတ်သိမ်းခြင်းမပြုရန်လည်း ညွှန်ကြားချက်တွင်ဖော်ပြထားသည်။ "ရေသန့်လုပ်ငန်းတွေကို တရားဝင်ပိတ်ဖို့ညွှန်ကြားထားတာမရှိပါဘူး။ လက်ရှိမှာတော့ စားသောက်ကုန်မှာပါတဲ့အတွက် ဝန်ထမ်းအင်အားရှိသလောက်နဲ့တော့ ရေဖြန့်ပေးဖို့ အသင်းအနေနဲ့လုပ်ငန်းရှင်တွေကိုလည်း မေတ္တာရပ်ခံထားပါတယ်။ ဒါပေမယ့် အခက်အခဲတချို့လည်းရှိနေတဲ့အတွက် သက်ဆိုင်ရာကိုလည်း တင်ပြထားပါတယ်"ဟု မြန်မာနိုင်ငံ ရေသန့်လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးရဲထွဋ်ကပြောသည်။

သို့သော် သက်ဆိုင်ရာမှ ရေသန့်စက်ရုံများကို လက်ရှိအချိန်ထိ ပိတ်သိမ်းရန်ညွှန်ကြားခြင်းမရှိသေးသော်လည်း၊ လုပ်ငန်းလည်ပတ်ရန် အခက်အခဲအချို့ကြောင့် စက်ရုံလုပ်ငန်းအချို့မှာ ရပ်နားထား ရသည်များလည်းရှိကြောင်း၊ အချို့စက်ရုံများမှာ

လည်ပတ်နေသော်လည်း အလုပ်သမားအခက်အခဲပြဿနာအပြင် စက်မှုဇုန်နှင့်မြို့ပြင်တွင် ရေသန့်စက်ရုံများတည်ရှိနေခြင်းကြောင့် ယခုကာလတွင် သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ချိရေးတွင်လည်း အခက်အခဲများရင်ဆိုင်နေရသည်ဟု ၎င်းကပြောသည်။ "အလုပ်သမားပြဿနာရှိတယ်။ ဒါကလည်းအလုပ်သမားတွေကို အတင်းသွားပြီး အလုပ်ဆင်းခိုင်းလို့မရဘူး။ သူတို့လည်း အသက်နဲ့ဆိုတော့ ရောဂါကူးမှာစိုးရိမ်လို့ မလာကြတော့ဘူး။ တချို့စက်ရုံတွေဆို လူအရမ်းနည်းတယ်။ အရဲစွန့်ပြီး လာကြပြန်တော့လည်း ကျေးရွာ၊ ရပ်ကွက်တွေကပိတ်ထားပြီး မဝင်ရဘဲအချည်းနဲ့ဖြစ်ရတယ်။ အသင်းအနေနဲ့ကတော့ ရေပို့တဲ့အလုပ်သမားတွေကိုလည်း ရောဂါမကူးစက်အောင် ရှောင်ရန်ဆောင်ရန်တွေကိုလည်း လမ်းညွှန်ထားပါတယ်"ဟု ဦးရဲထွဋ်ကပြောသည်။

အသင်းအနေဖြင့် အများပြည်သူရေသန့်ရရှိရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် စနစ်တကျဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် ရေသန့်ကားများရပ်ကွက်အတွင်းဝင်ရောက်ခွင့်ပြုရန်၊ တဆင့်ဖြန့်ဖြူးသူများနှင့်ဆွေးနွေးကာ ရပ်ကွက်ထိပ်တွင် ရေဘူးများအားစုပေးထားပြီး စက်ရုံတံဆိပ်အလိုက် ရေဖြန့်ဖြူးပေးနိုင်ရေးကို ညှိနှိုင်း ဆောင်ရွက်ပူးပေါင်းပေးပါရန် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ မြို့နယ်၊ ရပ်ကွက် ၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများတာဝန်ရှိသူများအား မြန်မာနိုင်ငံ ရေသန့်လုပ်ငန်းရှင်များအသင်းမှ မေတ္တာရပ်ခံထားသည်။ တရားဝင်ရေသန့်လုပ်ငန်းများမှ ရေသန့်ဖြန့်ဝေရောင်းချပေးနေဆဲဖြစ်သော်လည်း ရန်ကုန်မြို့တွင်းရှိ ရပ်ကွက်အချို့တွင် ယခင်ထက် ရေဖူးအရေအတွက် အနည်းငယ်သာဝယ်ယူရရှိခြင်းနှင့်၊ အချို့မှာ ရေသန့်ဗူးများမှာယူ၍မရခြင်းတို့ကို ယခုရက်ပိုင်းတွင် ကြုံတွေ့နေကြရသည်။ "လွန်ခဲ့တဲ့ နှစ်ရက်သုံးရက်ကရေမှာတာ မရတော့ဘူး။ အစောဆုံးဆိုရင် လာမယ့် ၂ရက်နေ့လောက်မှ ရေပြန်ရတော့မယ်လို့ပြောတယ်။ သောက်စရာကတော့ ့ရှိသေးတယ်။ ရေသန့်မရရင်တော့ ရေနွေး၊ ရေကျက်အေးသောက်ရတာပေါ့"ဟု ဗိုလ်တထောင်မြို့နယ်တွင် နေထိုင်သူတစ်ဦးကပြောသည်။

COVID-19 ကြောင့် စီးပွားရေးလုပ်ငန်းများထိခိုက်မှုများရှိလာရာ ရေသန့်စက်ရုံလုပ်ငန်းများသည်ပါဝင်လာသည်။ ရေသန့်စက်ရုံလုပ်ငန်းများနှင့် ဆက်စပ်နေသည့်လုပ်ငန်းများ၊ ဟိုတယ်နှင့်စားသောက်ဆိုင်များ ပိတ်သိမ်းရခြင်းကြောင့် ရေသန့်စက်ရုံလုပ်ငန်းများသည် ယခုအခါတွင် ၇၀ ရာခိုင်နှုန်းခန့်ထိ ပြုဆင်းသွားပြီး ၃၀ ရာခိုင်နှုန်းသော ရောင်းအားဖြင့် ရှေ့ဆက်ရပ်တည်နေရကြောင်း အသင်းဥက္ကဋ္ဌကပြောသည်။ မြန်မာနိုင်ငံရေသန့်လုပ်ငန်းရှင်အသင်း၏စာရင်းအရ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် စုစုပေါင်းစက်ရုံလုပ်ငန်းပေါင်း ၃၀၀၀ကျော်ရှိပြီး၊ ရန်ကုန်တိုင်းဒေသကြီးတွင် အသင်းဝင် လုပ်ငန်းရှင်ပေါင်း ၃၀၀ကျော်ခန့်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/138186.html

## မူဆယ်နယ်စပ်တွင် ပို့ကုန်သွင်းကုန်ကားများ ဝင်ရောက်မှုလျော့နည်း

မူဆယ်နယ်စပ်မှာ COVID19 ရောဂါကြောင့် နှစ်နိုင်ငံ နယ်စပ်ဂိတ်ဖြတ်သန်းမှု အခက်အခဲအမျိုးမျိုးကြုံတွေ့နေရပြီး ကုန်သွယ်ရေးဇုန်ထဲကို ကုန်တင်ကား ဝင်ရောက်မှုက တဖြည်းဖြည်းလျော့နည်းသွားတယ်လို့ ဒေသခံကုန်သည်ပွဲစားတွေက ပြောပါတယ်။ ကုန်သွယ်ရေးဇုန်ထဲကို တရုတ်နိုင်ငံဘက်ကနေ ပုံမှန် တစ်ရက် ကုန်တင်ယာဉ်အစီး(၄၀၀)ကျော်ဝင်ရောက်ခဲ့ပြီး၊ ကိုဗစ် ၁၉ ရောဂါဖြစ်ပွားခဲ့ပြီးနောက်မှာ မြန်မာဘက်ကို ဝင်ရောက်မှု သိသိသာသာ လျော့နည်းသွားခဲ့ပါတယ်။ ဧပြီလ(၁၈)ရက်မှာဆို သွင်းကုန်ကားအစီးရေ (၇၀)ဝန်းကျင်ခန့်သာ ဝင်ရောက်မှုရှိခဲ့တယ်လို့ ကုန်သွယ်ရေးဇုန် စာရင်းတွေ အရသိရပါတယ်။ မူဆယ်နယ်စပ်က သင်္ကြန်ကာလမှာ ပုံမှန်ထက် ကုန်သွယ်မှုလျော့နည်းနေတတ်ပြီး ကိုဗစ် ၁၉ ရောဂါကြောင့်လည်း နိုင်ငံတော်တော်များများမှာ ကုန်သွယ်လုပ်ငန်း လျော့နည်းနေတာဖြစ်ပါတယ်လို့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် က တာဝန်ရှိသူကပြောပါတယ်။ နှစ်နိုင်ငံကုန်သွယ်မှုမရပ်တန့်အောင် နှစ်ဘက်တာဝန်ရှိသူတွေ ညှိနှိုင်းဆောင်ရွက်နေတယ်လို့ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် တာဝန်ခံညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းကပြောပါတယ်။ မြန်မာဘက်လည်း တရုတ်နိုင်ငံဘက်ကို ပုံမှန် ကုန်တင်ကားအစီးရေ (၇၀၀) ဝန်းကျင် ပုံမှန် ဝင်ရောက်ခဲ့ပေမယ့် လက်ရှိ နှစ်ဘက် တားဆီးပိတ်ပင်မှုတွေကြောင့် အခြားကုန်ပစ္စည်းတွေထက် ကုန်သွယ်ရေးဇုန်ထဲကို ဖရဲ၊ သခွားနဲ့ သရက်သီးကားတွေပဲ ဝင်ရောက်နေတယ်လို့ သိရပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံဘက်ကို ဝင်ရောက်ဖို့ ကျင်စန်းကျော့ ဂိတ်အဝင်အခက်ခဲကြောင့် ကျင်စန်းကျော့လမ်းမပေါ် နဲ့

ပြည်ထောင်စုလမ်းမကြီးပေါ်မှာ အသီးအနှံတင်ထားတဲ့ မော်တော်ယာဉ် အစီးရာနဲ့ချီပြီး စောင့်ဆိုင်းနေရတယ်လို့ ဖရဲသီးတင်မော်တော်ယာဉ် မောင်းနှင်သူတွေက ပြောကြားပါတယ်။

**Source:** https://www.facebook.com/onenewsmyan/

## ကြိုတင်ဝင်ငွေခွန် ကင်းလွတ်ခွင့်ပေးလိုက်သဖြင့် ဖရဲ သခွားတောင်သူများအဆင်ပြေလာ

COVID-19 ရောဂါကြောင့် နိုင်ငံ့စီးပွားရေးလည်ပတ်မှုကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ပို့ကုန်လုပ်ငန်းများကို ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန်နှစ်ရာခိုင်နှုန်းကို ယခုဘဏ္ဍာနှစ်ကုန်အထိ ကင်းလွတ်ခွင့်ပေးလိုက်သဖြင့် ဖရဲ၊ သခွားများ တင်ပို့ရောင်းချနေသည့် တောင်သူများ တိုက်ရိုက်အကျိုးခံစားခွင့်ရရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ၊ သခွား တင်ပို့ရောင်းချသူများအစုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်ကပြောသည်။ "ပွဲရုံတွေက ကောက်ခံတာအမျိုးမျိုးဖြစ်တယ်။ ဂျူတီကြေး၊ ကြိုတင်ဝင်ငွေခွန်ဆိုပြီး ဘောက်ချာဖွင့်တဲ့ထဲ ထည့်ထားတယ်။ တောင်သူတွေသိတာက နှစ်ရာခိုင်နှုန်းအနေနဲ့ ကောက်တာမဟုတ် ဘဲ သခွားဆိုရင် တစ်တန်ကို ကျပ် ၇၀၀၀ နှုန်း၊ ဖရဲဆိုရင် တစ်တန် ၄၀၀၀ နှုန်းကောက်တယ်။ ဒါက ရောင်းလို့ ရလား၊ မရလား မသိသေးဘူး။ မူဆယ်တိုးလ်ဂိတ်ဝင်တာနဲ့ ကောက်တာပါ။ အခုလို မကောက်တော့ဘူးဆိုတော့ တောင်သူအတွက် ခုသာခံသာရှိလာတာပေ့ါ။ ဒါတွေက တောင်သူဆီကပဲကောက်တာမို့ပါ။ ဒါကို ရေရှည် အမြဲခံစားခွင့်ရအောင် အသင်းအနေနဲ့ သက်ဆိုင်ရာကို တင်ပြသွားမှာပါ" ဟု ၎င်းင်းကပြောသည်။

COVID-19 ရောဂါကြောင့် နိုင်ငံ့စီးပွားရေးလည်ပတ်မှုကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အခွန်အကောက်ဖြေလျှော့ခြင်း၊ အတိုးနှုန်းလျှော့ချခြင်း၊ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများ၊ အခွန်ကင်းလွတ်ခွင့်ရရှိနိုင်ရေးတို့ကို စီမံပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ပို့ကုန်လုပ်ငန်းများက ကြိုတင်ကောက်ခံသည့်ဝင်ငွေခွန် နှစ်ရာခိုင်နှုန်းကို ယခုဘဏ္ဍာနှစ်ကုန် (စက်တင်ဘာလကုန်)အထိ ကင်းလွတ်ခွင့်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မတ် ၁၆ ရက်တွင် COVID-19 ရောဂါကာကွယ်ထိန်းချုပ် ကုသရေးနှင့် နိုင်ငံတော်၏စီးပွားရေး ဆိုင်ရာအခြေအနေများနှင့် စပ်လျဉ်းပြီး ပြည်သူလုထုကို မိန့်ခွန်းပြောရာတွင် ထည့်သွင်းပြောကြားသည်။ ကြိုတင်ခွန် နှစ်ရာခိုင်နှုန်းကို စက်တင်ဘာလကုန်အထိ ကင်း လွတ်ခွင့်ပြုလိုက်ကြောင်း၊ ပို့ကုန်လုပ်ငန်းအားလုံး အကျုံးဝင် ကြောင်း၊ ဖရဲ သခွားတောင်သူတွေအတွက် တိုက်ရိုက်အကျိုးခံစားခွင့်ရတဲ့ ကင်းလွတ်မှုမျိုးဖြစ်လာကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင် ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးသူက မြန်မာတောင်သူကြီးများဂျာနယ်ကိုပြောသည်။ "ပို့ကုန်သမားအားလုံးကို ကြိုတင်ဝင်ငွေခွန် နှစ်ရာခိုင်နှုန်း ကင်းလွတ်ခွင့်ကို ဧပြီ ၁ ရက်ကစတင်ပြီး ကောက်ခံခြင်းမရှိတော့ပါဘူး။ စက်တင်ဘာလကုန်အထိ ခွင့်ပြုထားပါတယ်။ နယ်စပ်ပို့ကုန် တစ်ခုတည်း မဟုတ်ပါဘူး။ နိုင်ငံတကာပို့ကုန်လုပ်ငန်းအားလုံး အကျုံးဝင်ပါတယ်။ ဖရဲ သခွားတောင်သူတွေအတွက်တော့ တိုက်ရိုက်အကျိုးခံစားခွင့်ရတဲ့ ကင်းလွတ်မှုမျိုးဖြစ်လာတာပါ"ဟု ၎င်းကပြောသည်။

ဧပြီ ၁ ရက်ကကစတင်ပြီး တောင်သူတွေကိုကောက်ခံသည့် အခွန်နှစ်ရာခိုင်နှုန်းမရှိတော့ကြောင်း၊ စာရွက်စာတမ်းကြေးလောက်သာရှိသော်လည်း ပွဲရုံကကျခံပေးပြီး အခွန်ကောက်ခံမှုမရှိတော့ကြောင်းနှင့် အသီးကွင်းဝင်ကြေး ယွမ် ၅၀ သာ ကောက်ခံတော့ကြောင်း၊ ကုန်စည်ဒိုင်ကြေးကို မတ်လဆန်းပိုင်းကတည်းက ကင်းလွတ်ခွင့်ပြုထားကြောင်း ခွာညိုပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်ကပြောသည်။ "အခွန်နှစ်ရာခိုင်နှုန်းကင်းလွတ်ခွင့်ရတော့ စာရွက်စာတမ်းကြေးလောက်ပဲရှိတော့တယ်။ ဘာမှ မရှိတော့ပါဘူး" ဟု ၎င်းက ပြောသည်။

**Source:** https://www.facebook.com/sitepyo/

## တစ်နိုင်ငံလုံးရှိ စက်ရုံ၊ အလုပ်ရုံများကို စစ်ဆေးပြီး သတ်မှတ်ချက်နှင့်ကိုက်ညီမှ ဖွင့်ခွင့်ပြုမည်

COVID-19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် တစ်နိုင်ငံလုံးရှိ စက်ရုံ၊ အလုပ်ရုံများကို အစိုးရဝန်ကြီးဌာန ပူးပေါင်းအဖွဲ့ဝင်များမှ စစ်ဆေးမှုများပြုလုပ်မည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီမှ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ယနေ့တွင်သတင်းထုတ်ပြန်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျွမ်းကျင်မှုဆိုင်ရာပူးပေါင်းအဖွဲ့များသည် သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ယခုလ ၂၀ ရက်မှ ၃၀ ရက်အတွင်း စစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်သည်။

စစ်ဆေးမှုများဆောင်ရွက်ရာတွင် ဦးစားပေးအစီအစဉ်အဖြစ် ဆေးဝါးထုတ်လုပ်ရေးစက်ရုံများ၊ စားသောက် ကုန်ထုတ်လုပ်ရေးစက်ရုံများ၊ ကျန်းမာရေးလိုအပ်ချက်များနှင့် ကိုက်ညီပြီး ဖွင့်လှစ်ရန် အသင့်ဖြစ်နေသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၊ လုပ်သားဦးရေ ၁၀၀၀ နှင့်အထက်ရှိသော စက်ရုံ၊ အလုပ်ရုံများ၊ အခြားစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ “ဘာညွှန်ကြားချက်မှတော့ ရောက်မလာသေးဘူး။ လက်ရှိ စာထွက်နေတာပဲတွေ့ရသေးတယ်။ မနက်ဖြန်(ဧပြီ ၂၀ ရက်)မှပဲ ကြည့်ရတော့မယ်” ဟု လှိုင်သာယာစက်မှုဇုန်ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်ကပြောသည်။ အစိုးရရုံးများ၊ စက်ရုံနှင့်အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်မည့် ယခုလ ၂၀ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းခွင်ပြန်ဝင်ကြမည့် စက်ရုံ၊ အလုပ်ရုံများ၌ အလုပ်ရှင်နှင့်အလုပ်သမား အငြင်းပွားမှုများ နှင့် ဆန္ဒပြမှုများဖြစ်ပေါ်လာပါက ဖြစ်ပေါ်သည့် စက်ရုံ၊ အလုပ်ရုံကိုပိတ်သိမ်းသွားမည်ဟုလည်း တိုင်းအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်က ယမန်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံပေါင်း ၆၆၃၂ ရုံရှိပြီး အလုပ်သမားပေါင်း ၆၈၀၀၀၀ ကျော်ရှိရာ အလုပ်ပြန်လည်ဝင်ရောက်လာမည့် နယ်အသီးသီးမှ အလုပ်သမားများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ထုတ်ပြန်ချက်များနှင့်အညီ စက်ရုံ၊ အလုပ်ရုံများနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် ရောဂါထိန်းချုပ်ကာကွယ်ရေးပုံစံ တို့အား ညွှန်ကြားဆောင်ရွက်သွားရန်ကိုလည်း ညွှန်ကြားချက်တွင် ဆက်လက်ဖော်ပြထားသည်။

**Source:** https://myanmar.mmtimes.com/news/138403.html

## မရှိမဖြစ်လုပ်ငန်းများ ဆက်လည်ပတ်နိုင်ရန်၊ အလုပ်သမားနှင့်လခလျှော့ချမှုမဖြစ်ရန် နိုင်ငံတော်က လိုအပ်သလိုညွှန်ကြားမည်



အားလုံးကို တတ်နိုင်သလောက် ထည့်သွင်းစဉ်းစားပြီး မရှိမဖြစ် လုပ်ငန်းများ ဆက်လည်ပတ်နိုင်ရန်၊ အလုပ်သမားလျှော့ချခြင်း၊ လခလျှော့ချခြင်းများ မဖြစ်ရန်၊ နိုင်ငံတော်အနေဖြင့် လိုအပ်သလို ညွှန်ကြား၊ ညှိနှိုင်းမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၎င်း၏လူမှုကွန်ရက် စာမျက်နှာမှ တစ်ဆင့် ယနေ့ ဧပြီ၈ရက်တွင်ပြောကြားသည်။ အလုပ်ဆင်းသူများ ကျန်းမာရေး ညွှန်ကြားချက် များနှင့်ကိုက်ညီစွာ သွားလာလုပ်ကိုင်နိုင်ရန်၊သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းများနှင့် ညှိပြီးလုပ်သွားမည်ဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။ ''ထပ်ပြီး ပြောပါရစေ၊ ပြည်သူတွေပူးပေါင်းဆောင်ရွက်ခြင်းကအဓိကပါ။ ဒီအခြေအနေဟာ ဘယ်သူ့အတွက်မှမလွယ်ပါဘူး။ မနေ့က(မြန်မာသက္ကရာဇ် ၁၃၈၂ ခုရဲ့ နှစ်ဆန်း (၁)ရက်နေ့) ဝေဘာဂီ ကူးစက်ရောဂါဆေးရုံမှာ COVID-19စစ်ပွဲကြီးကို ရှေ့တန်းကတိုက်ပေးနေတဲ့ ကျန်းမာရေး ဝန်ထမ်းနှစ်ဦး၊ စေတနာ့ ဝန်ထမ်းတစ်ဦးတို့နဲ့ videoတွေ့ဆုံဆွေးနွေးပွဲလုပ်ခဲ့ ပါတယ်။ ဘယ်လိုအခက်အခဲတွေနဲ့ နိစ္စဓူဝရင်ဆိုင်နေရတယ်၊ ပစ္စည်းအင်အား ၊ လူအင်အား အကန့်အသတ်တွေ ကြားထဲက သည်းခံ စိတ်ရှည်စွာနဲ့ လူနာတွေရဲ့လိုအပ်ချက်တွေကို ဘယ်လိုဖြည့်ဆည်းပေးနေတယ်ဆိုတာကြားရတော့ ကျေးဇူးတင်၊ လေးစား ဂုဏ်ယူမိပါတယ်''ဟု ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။

ဆွေးနွေးပွဲကိုနားထောင်သည့်ပရိသတ်များကလည်း ယခုကဲ့သို့ ခံစားကြရမည် ထင်ကြောင်း၊ နေမဝင်မီပဲ ဝေဘာဂီ၏ လိုအပ်ချက်အဝဝအတွက် တာဝန်ယူမည့် အလှူရှင်တစ်ဦး၊ ပစ္စည်းလှူမည့်အလှူရှင်များ၊ လုပ်အားပံ့ပိုးမည့်အလှူရှင်များ ဆက်သွယ်လာကြောင်း၊ ယနေ့ဆိုပါက ဝေဘာဂီဆေးရုံမှလူနာများ၊ ကျန်းမာရေးဝန်ထမ်းများကို ပံ့ပိုးကူညီရန် အစီအစဉ်များ စတင်ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ''ကိုယ့်ရပ်ကိုယ့်ရွာအတွက်၊ ရောဂါခံစားနေရသူ တွေအတွက်၊ အများပြည်သူတွေအတွက်၊ ကိုယ်ကျိုးကို ရှေ့တန်းမတင်ဘဲ၊ တတ်အားသမျှပံ့ပိုးပေးနေကြသူ အားလုံး ဒီနှစ်သစ်

တွင်သာမက အသက်ထက်ဆုံးချမ်းသာသုခနဲ့ပြည့်စုံကြပါစေ"ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။

**Source:** https://myanmar.mmtimes.com/news/138373.html

## စီးပွားရေးအကျပ်အတည်းအတွက် အပိုထပ်ဆောင်းဘတ်ဂျက်အဖြစ် အမေရိကန်ဒေါ်လာ ၈၀ ဘီလီယံကျော် တိုးမြှင့်ရန် ဂျပန်စီစဉ်နေ

ဂျပန်အစိုးရသည် ဧပြီလ ၁ ရက်နေ့တွင် စတင်ခဲ့သည့် ဘဏ္ဍာရေးနှစ်သစ်အတွင်း ကိုရိုနာ အကျပ်အတည်းကြောင့် စီးပွားရေးထိခိုက်မှုမှ ကာမိစေရန် ထပ်ဆောင်းဘတ်ဂျက်အဖြစ် အမေရိကန်ဒေါ်လာ ၈၀ ဘီလီယံကျော်ကို တိုးမြှင့် ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ပါသည်။

ယခု ၂၀၂၀ ဘဏ္ဍာနှစ်အတွက် ထပ်ဆောင်းဘတ်ဂျက်သည် အမေရိကန်ဒေါ်လာ ၂၃၀ ဘီလီယံကျော်ဖြစ်လာပြီး ၎င်းဘတ်ဂျက်မှ အမေရိကန်ဒေါ်လာ ၁.၁ ထရီလီယံခန့်တန်ဖိုးရှိသည့် အရေးပေါ်စီးပွားရေးအစီအမံများကို ပံ့ပိုးဆောင်ရွက်သွားရန် ပြင်ဆင်နေပါသည်။ အဆိုပါအစီအစဉ်များတွင် ဂျပန်တွင် နေထိုင်ခွင့်မှတ်ပုံတင်ထားသည့်လူများအတွက် ယန်းတစ်သိန်းပံ့ပိုးပေးမည့် အစီစဉ်လည်းပါဝင်ပါသည်။ ဂျပန်အစိုးရအဖွဲ့အနေဖြင့် ဘတ်ဂျက်လိုငွေပြမှုမှ ကာမိစေရန် ငွေချေးစာချုပ်များကို ထပ်မံရိုက်နှိပ်သွားမည်ဖြစ်ပါကြောင်း၊ ယခုနှစ်အတွင်းထုတ်ဝေမည့် ငွေချေးစာချုပ်များ၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅၄၀ ဘီလီယံခန့်ရှိကြောင်းနှင့် ဂျပန်၏ နှစ်စဉ်ဝင်ငွေ၏ ၄၅ % ကျော်သည်အစိုးရငွေချေးစာချုပ်များမှ ရရှိသည့်ရန်ပုံငွေအပေါ်မှီတည်နေခြင်းဖြစ်ကြောင်းသိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## ကိုရီးယားသမ္မတနိုင်ငံ၏ အိမ်ရာပိုင်ဆိုင်မှုဆိုင်ရာ အခွန်တိုးမြှင့်ကောက်ခံရန်ရှိမှုနှင့် အိမ်ခြံမြေဈေးကွက် အနေအထားတင်ပြခြင်း

**Comprehensive real estate tax rates** Unit: %

| Taxable amount | Single apartment | | Multiple apartments | |
|---|---|---|---|---|
| | Current | Proposed | Current | Proposed |
| Below 300 million won | 0.5 | 0.6 | 0.6 | 0.8 |
| 300-600 million won | 0.7 | 0.8 | 0.9 | 1.2 |
| 600 million to 1.2 billion won | 1 | 1.2 | 1.3 | 1.6 |
| 1.2-5 billion won | 1.4 | 1.6 | 1.8 | 2 |
| 5-9.4 billion won | 2 | 2.2 | 2.5 | 3 |
| Above 9.4 billion won | 2.7 | 3 | 3.2 | 4 |

Source: Ministry of Land, Infrastructure and Transport

ကိုရီးယားသမ္မတနိုင်ငံ၌ အိမ်ရာတိုက်ခန်းတစ်ခန်းထက် ပိုမိုပိုင်ဆိုင်သူများအနေဖြင့် အခွန် နှုန်းထားပိုမိုပေးဆောင်ရမည် ဖြစ်ကြောင်း (၁၅-၄-၂၀၂၀) ရက်နေ့တွင်ကျင်းပခဲ့သော လွှတ်တော်အထွေထွေရွေးကောက်ပွဲ၌အနိုင်ရရှိခဲ့သည့် လက်ရှိအာဏာရ ပါတီဖြစ်သောကိုရီးယားဒီမိုကရက် တစ်ပါတီ (Democratic Party of Korea– DPK) ကထောက်ပြခဲ့ပါသည်။ DPK နှင့် ယင်း၏မိတ်ဖက်ပါတီတို့သည် အမျိုးသားလွှတ်တော်၏ စုစုပေါင်း ၃၀၀ နေရာအနက် ၁၈၀ နေရာကိုအောင်မြင်စွာရရှိခဲ့သည့် အတွက်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းကိစ္စမှအပမည်သည့်ကိစ္စရပ်ကိုမဆို လွှတ်တော်၏တားဆီးခြင်းမရှိဘဲ အခက်အခဲမရှိ ဆုံးဖြတ်ဆောင်ရွက်နိုင်မည့်အနေအထားဖြစ်ပါသည်။

အစိုးရနှင့်အာဏာရပါတီတို့မှ လာမည့်ဧပြီလနှောင်းပိုင်းတွင်ပြုလုပ်မည့် လွှတ်တော်အထူးအစည်းအဝေးခေါ်ယူသည့် အချိန်၌ အခွန်ဆိုင်ရာစည်းမျဉ်းပြင်ဆင်ခြင်းများကို အဓိကထား၍ ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊

ဇွန်လ(၁)ရက်နေ့မှစ၍ အိမ်ခန်းတစ်ခန်းထက် ပိုမိုပိုင်ဆိုင်သူများအနေဖြင့် တရားဝင်သတ်မှတ်သည့် အိမ်ရာမြေဈေးနှုန်း၏ ယခင်နှစ်နှုန်းထားများအရ (၃.၂) ရာခိုင်နှုန်းပေးဆောင်ရမှုမှသည် (၄) ရာခိုင်နှုန်းသို့ တိုးမြင့်၍လည်းကောင်း၊ အိမ်ခန်းတစ်ခန်း ပိုင်ဆိုင်သူများအနေဖြင့် ယခင်နှစ်နှုန်းထား (၂.၇) ရာခိုင်နှုန်းမှသည်(၃) ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးတိုးမြင့်၍ ပေးဆောင်ကြရမည်ဖြစ်ပါသည်။ ထို့ပြင် လက်ရှိအခွန်ဆိုင်ရာဥပဒေအရ အစိုးရသည် ပိုင်ဆိုင်မှုအခွန်အား ယခင်နှစ်ပေးဆောင်ခဲ့ ရသည့်တန်ဖိုး ထက်နှစ်ဆစည်းကြပ်ခွင့်မရှိသော်လည်း၊ ယခုအဆိုပြုထားမှုသည် ယခင်နှစ်စည်းကြပ်ခဲ့သည့် တန်ဖိုး၏(၃၀၀) ရာခိုင်နှုန်းဖြစ်ကြောင်း၊ အိမ်ခန်းတန်ဖိုးအားလည်း လက်ရှိတွင်ကာလပေါက်ဈေး၏ (၇၀မှ၈၀)ရာခိုင်နှုန်းဝန်းကျင်ဖြင့် ဈေးလျှော့၍ သတ်မှတ်ပေးလေ့ရှိသော်လည်း၊ ယခုနှစ်မှစ၍ တန်ဖိုးကို ပိုမိုမြင့်၍သတ်မှတ်မည်ဖြစ်ကြောင်းသိရှိရပါသည်။

တင်းကျပ်သည့်စည်းမျဉ်းများနှင့် COVID-19 ကပ်ရောဂါဖြစ်ပွားမှုတို့သည် မြေနှင့်အိမ်ရာအဆောက်အဦ အရောင်း အဝယ်ဈေးကွက်ကိုအားလျော့စေကြောင်း၊ ယခုလက်ရှိစီးပွားရေးသည် အကျဘက်သို့ဦးတည်လျက်ရှိပြီး၊ လူနေတိုက်ခန်း ဈေးနှုန်းများကျဆင်းမှုကာလကြာရှည်လာခြင်း၊ ဈေးကွက်အတွင်းတွင် ရောင်းသူသာရှိပြီး အသစ်ဆောက်လုပ်မှုမရှိခြင်း စသည်တို့ကြောင့် တိုက်ခန်းဈေးနှုန်းများသည် နောင်လာမည့် သုံးလတာကာလအထိ(သို့မဟုတ်)နှစ်ကုန်အထိ ဆက်လက် ကျဆင်းနေမည်ဖြစ်ကြောင်း၊ အိမ်ခြံမြေဈေးကွက်အတွင်း လုပ်ကိုင်နေသူများအတွက် ခက်ခဲသည့်အနေအထားများကို ရင်ဆိုင် ရလျက်ရှိကြောင်း ဆိုးလ်နည်းပညာတက္ကသိုလ်၏ အိမ်ခြံမြေဘာသာရပ်အထူးပြုပါမောက္ခ လီယောင်ဆိုလ်း ကသုံးသပ်ခဲ့ပါသည်။

သို့ဖြစ်၍ အစိုးရမှ မူဝါဒဆိုင်ရာပြုပြင်ပြောင်းလဲမှု မဆောင်ရွက်ပေးနိုင်လျှင် အိမ်၊ ခြံ၊ မြေ ဈေးကွက်၏ အနာဂတ် အလားအလာသည် လွန်စွာခက်ခဲကျပ်တည်းဖွယ်ရှိပြီး၊ ပြည်သူများက လည်းဖြေရှင်းနိုင်မည့်နည်းလမ်းများကို မျှော်လင့်လျက် ရှိကြကြောင်း၊ အိမ်ခန်းတစ်ခန်းသာပိုင် ဆိုင်သူများအနေဖြင့် အခွန်ရှောင်ရှားနိုင်ရန်အတွက် ၎င်းတို့နှစ်ပေါင်း များစွာ နေထိုင်လာခဲ့သော နေရာကိုရောင်းချရန်မဖြစ်နိုင်သည့်အပြင်၊ ထိုသူများထဲမှအများစုမှာ အသက်ကြီးပိုင်း အငြိမ်းစား အရွယ်များ ဖြစ်ကြကြောင်း၊ ဝန်ကြီးချုပ်ဟောင်း Lee Nak-yon နှင့် အာဏာရပါတီဝင်အချို့တို့က ထိုအချက်ကိုဖြေလျှော့ပေးနိုင်ရန် ကြိုးပမ်း ပေးမည်ဖြစ်ကြောင်း ကတိပြုခဲ့သည့်အတွက် လွှတ်တော်၏အထွေထွေရွေးကောက်ပွဲတွင် မဲအနိုင်ရခဲ့သည်ဟု အများက ထင်ကြေး ေးလျက်ရှိကြပါသည်။

အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းဖြစ်သည့် Zigbang ၏လေ့လာဆန်းစစ်ချက်အရ ၂၀၂၀ ပြည့်နှစ်၊ မတ်လ၌ အိမ်ရာ ဈေးကြီးမြင့်သည့် ဆိုးလ်မြို့တောင်ပိုင်းရှိ Songpa၊ Seocho နှင့် Gangnam ခရိုင်တို့တွင် လူနေတိုက်ခန်း (၂၈၇) ခန်းကို ရောင်းချနိုင်ခဲ့ပြီး၊ ယခင်လထက် (၆၂) ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ အလားတူ ဆိုးလ်မြို့မြောက်ပိုင်း Mapo၊ Yongsanနှင့် Seong- dong ခရိုင်တို့၌ လူနေတိုက်ခန်း(၂၄၇)ခန်းရောင်းချနိုင်ခဲ့ပြီး ယခင်လထက်(၅၆)ရာခိုင်နှုန်းကျ ဆင်းခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၏ ဒုတိယအပတ်တွင် ကိုရီးယားအိမ်ရာတန်ဖိုးဖြတ်ဘုတ် အဖွဲ့၏လူနေအိမ်ရာ တိုက်ခန်းဈေးနှုန်း ညွှန်းကိန်းသည် (၉၈.၄) ဖြစ်ပြီး၊ ညွှန်းကိန်း (၁၀၀)နှင့်အောက်၏အဓိပ္ပာယ်မှာ ရောင်းသူက ဝယ်သူထက်ပိုများနေခြင်းပင်ဖြစ်ပါသည်။ သို့ပါ၍ ကိုရီးယားသမ္မတနိုင်ငံ၌ အိမ်ရာတိုက်ခန်းတစ်ခန်းထက် ပိုမိုပိုင်ဆိုင်သူများထံမှ တိုးမြင့်ကောက်ခံရန်ရှိကြောင်း လက်ရှိ အိမ်ရာဈေးကွက်အခြေအနေအား သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ကိုရီးယား**

## နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ အကဲဖြတ်အဆင့်နိမ့်ကျသော်လည်း ဟောင်ကောင်ဒေသ၏စီးပွားရေးမှာ ပိုမိုကောင်းမွန်လာနိုင်ကြောင်း စီးပွားကူးသန်းဝန်ကြီးက ပြောကြားခြင်း

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund-IMF) ၏ အကဲဖြတ် အဆင့်တွင် ဟောင်ကောင်၏ ဂျီဒီပီမှာ ယခင်နှစ်ထက် (၄.၈) ရာခိုင်နှုန်းကျဆင်းနိုင်ပြီး အဆင့်မှာ နှစ်ပေါင်း (၂၀) အတွင်း စီးပွားရေးမှာ အနိမ့်ဆုံး ဖြစ်သွား နိုင်ကြောင်း ခန့်မှန်းထားသော်လည်း ဟောင်ကောင်ဒေသ၏စီးပွားရေးမှာ အနည်းငယ်ပိုမိုကောင်းမွန်လာကြောင်း၊ Covid-19 ဖြစ်ပွားမှုကြောင့် ဟောင်ကောင်အပါအဝင် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးကျဆင်းမည်ဟု ကမ္ဘာ့အဖွဲ့အစည်းများမှ ခန့်မှန်း ထားရှိကြောင်း၊ အသွားအလာကန့်သတ်တားမြစ်ထားသောမြို့များရှိပြီး လုပ်ငန်းကဏ္ဍများအားလုံးတွင် ပြင်းထန်စွာ ရိုက်ခတ်မှုများရှိနေကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာ့ကပ်ရောဂါ Covid-19 အားထိန်းချုပ်နိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများကို

ဆက်လက်ထိန်းသိမ်းထားနိုင်ရန် အစရှိသည့် အခက်အခဲ (၂) ခုကို ရင်ဆိုင်နေရပြီး ဒုတိယအခက်အခဲကို မကျော်လွှားနိုင်ခင် ပထမအခက်အခဲကို အောင်မြင်စွာဖြတ်ကျော်ရမည်ဖြစ်ကြောင်း၊ Covid-19 ကြောင့် ဟောင်ကောင်ဒေသ၏ စီးပွားရေးကို များစွာထိခိုက်လျက်ရှိရာ ဟောင်ကောင်ဒေသ၏ စီးပွားရေးမဏ္ဍိုင်များထဲမှ တစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းမှာ (၉၉) ရာခိုင်နှုန်း အထိကျဆင်းခဲ့ကြောင်း၊ ဟောင်ကောင်ဒေသ၏ စီးပွားရေးမှာ ၂၀၂၀ ပြည့်နှစ်တွင် (၁.၅) ရာခိုင်နှုန်း လျော့ကျနိုင်သည်ဟု ခန့်မှန်းထားခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် IMF က (၄.၈) ရာခိုင်နှုန်း လျော့ကျ နိုင်သည်ဟုခန့်မှန်းခဲ့ရာ ၁၉၉၈ ခုနှစ် အာရှဒေသ ငွေကြေးအကျပ်အတည်း ဖြစ်ပွားပြီးနောက် အဆိုးရွားဆုံးဖြစ်ကြောင်း၊ သို့သော် အခြားဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများဖြစ်သည့် အမေရိကန်၊ ဗြိတိန်၊ ဂျာမနီနှင့် ဂျပန်နိုင်ငံတို့တွင် ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ဂျီဒီပီ (၅) ရာခိုင်နှုန်း လျော့ကျနိုင် ကြောင်း IMF က ခန့်မှန်းထားရှိရာ ဟောင်ကောင်ဒေသ၏ စီးပွားရေးမှာ အဆိုပါ ဖွံ့ဖြိုးပြီးနိုင်ငံ များထက် ပိုမိုကောင်းမွန်နိုင်ကြောင်း၊ ဟောင်ကောင်၏ အဓိကကုန်သွယ်ဖက်ဖြစ်သည့် တရုတ်ပြည်မကြီး၏ စီးပွားရေးမှာ ၂၀၂၀ ပြည့်နှစ်တွင် (၁.၂) ရာခိုင်နှုန်း မြင့်တက်နိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ Covid-19 ဖြစ်ပွားမှုကြောင့် သက်ရောက်မှုများ ခံနေရသည့် အကြောင်းအရာများအပေါ်မူတည်၍ ငွေကြေးဈေးကွက်၊ ငွေကြေးမူဝါဒ၊ အထောက်အပံ့ပေးမှုများ အစရှိသည့် ဆောင်ရွက်မှုများအပေါ် မူတည်၍ ၂၀၂၁ ခုနှစ်တွင် စီးပွားရေးမှာ အနည်းငယ်ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း၊ ကမ္ဘာ တစ်ဝန်းတွင် ခရီးသွားလာမှုများ ကန့်သတ်တားမြစ်ထားသောကြောင့် ခရီးသွားလုပ်ငန်းမှာ လျင်မြန်စွာ ပြန်လည် ကောင်းမွန်လာနိုင်ခြင်း မရှိကြောင်း၊ ဟောင်ကောင်ဒေသတွင် Covid-19 ကြောင့် ပြင်းထန်စွာ ရိုက်ခတ်မှုခံနေရသည့် စီးပွားရေး ကဏ္ဍ (၁၆) ခုအတွက် ထောက်ပံ့ပေးနိုင်ရန် အလုပ်သမား (၁.၅) မီလီယံ၏ လစာ (၅၀) ရာခိုင်နှုန်းကို (၆) လစာပံ့ပိုးပေးရန် အစိုးရမှ စီစဉ်လျက်ရှိကြောင်း၊ ပထမအကြိမ်အဖြစ် ဟောင်ကောင်ဒေါ်လာ (၃၀) ဘီလီယံ ပံ့ပိုးမှုပေးခဲ့သော်လည်း ကာလတို သဘောတူညီမှုဖြင့် နေ့စား/ အချိန်ပိုင်းဖြင့် လုပ်ကိုင်သည့် အလုပ်သမားများမှာ အလုပ်မှထွက်ခဲ့ရကြောင်း၊ ပင်စင်ခံစားခွင့် မရှိသည့် ပြင်ပအလုပ်သမားများနေဖြင့် ထောက်ပံ့ငွေလစာဟောင်ကောင်ဒေါ်လာ (၇,၅၀၀) ရရှိရန် လူမှုဖူလုံရေး ထောက်ပံ့ စရိတ် လျှောက်ထားနိုင်ကြောင်းနှင့် အမြဲတမ်းနေထိုင်သည့် အရွယ်ရောက်ပြီးသူများ အား ဟောင်ကောင် ဒေါ်လာ (၁၀,၀၀၀) ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလက အစိုးရမှ ကြေညာခဲ့ကြောင်း၊ ဟောင်ကောင်ဒေသ၏ အနာဂတ်စီးပွားရေး အတွက် ကြိုတင်ပြင်ဆင်ရန် အွန်လိုင်းစနစ်ဖြင့် ပြောင်းလဲဆောင်ရွက်ရန် စီးပွားရေးလုပ်ငန်းများအား ပြောကြားခဲ့ကြောင်း၊ ဒေသအစိုးရမှ SMEs လုပ်ငန်းများအား အတိုးနှုန်းသက်သာစွာဖြင့် ဟောင်ကောင်ဒေါ်လာ (၁၂၃) ဘီလီယံ ချေးပေးမည်ဖြစ်ရာ အဆိုပါ ချေးငွေအစီအစဉ်အား ကောင်းမွန်စွာအသုံးချရန် ကုမ္ပဏီများအား ဟောင်ကောင်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး Mr. Edward Yau မှ တိုက်တွန်းပြောကြားခဲ့ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၆ ရက် နေ့ထုတ် South China Morning Post သတင်းစာ၌ Denise Tsang က "Hong Kong economy better off than most despite IMF downgrade, says commerce minister" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## STOCK EXCHANGE (20.4.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 20th Apr. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 10,500 | 10,500 | 450 | 4,725,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,650 | +0 | +0.00% | 3,650 | 3,700 | 3,650 | 2,450 | 8,952,500 | 38,929,150 | 142,091 |
| MCB | 00003 | 8,200 | -300 | -3.53% | 8,200 | 8,200 | 8,200 | 25 | 205,000 | 10,400,986 | 85,288 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,000 | 21,500 | 21,000 | 202 | 4,243,000 | 2,472,053 | 53,149 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 12,823,224 | 35,905 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 438.99 | -2.28 | -0.52% | 441.27 | 441.79 | 438.09 | 3,127 | 18,125,500 | 5 | 601,117 |

### Index chart




## Market Overview

As of 12:00 pm, 20th Apr. 2020

| MYANPIX | 439.51 ▼ 1.76 |
|---|---|
| Total Volume (shares) | 1,025 |
| Total Value (MMK) | 9 mil |
| Listed Company | 5 |
| Market Cap. (MMK) | 601,828 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,700 | ▲ 50 |
| MCB | 00003 | 8,200 | ▼ 300 |
| FPB | 00004 | 21,000 | ▼ 500 |
| TMH | 00005 | 2,800 | ▲ 0 |